## မျက်မှောက်နိုင်ငံရေးအခင်းအကျင်းအပေါ်ထားရှိသည့်

## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ၏

## သဘောထားထုတ်ပြန်ကြေညာချက်

၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၄)ရက်

၁။ နိုင်ငံတော်အစိုးရနှင့်သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကြိုးပမ်းတည်ဆောက်နေသည့် ငြိမ်းချမ်းရေး၏ဖြစ်စဉ်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး (NCA) စာချုပ် ချုပ်ဆိုနိုင်ရေးကို မိမိတို့ (RCSS) အနေဖြင့် ထောက်ခံကြိုဆိုပါသည်။ ထို့အတူ ငြိမ်းချမ်းရေးဖြစ်စဉ်များအဆင့်ဆင့်တွင်လည်း နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ညှိနှိုင်းမှုပေါင်းဆောင်ရွက်သွားပါမည်။

၂။ နိုင်ငံရေးပြဿနာများကို ပြည်သူလူထု၏ဆန္ဒနှင့်အညီ ငြိမ်းချမ်းစွာညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောတူညီမှုဖြင့်ရေးဆွဲထားသော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်တစ်ရပ်ကို ရွေးကောက်ပွဲ အကြိုကာလတွင် အတည်ပြုနိုင်ရန်မိမိတို့ ကြိုးပမ်းညှိနှိုင်းမှုပေါင်းဆောင်ရွက်သွားပါမည်။

၃။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၈) ရက်တွင်ကျင်းပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို မိမိတို့ (RCSS) မှ ဆန့်ကျင်ကန့်ကွက်ခြင်းပြုမည်မဟုတ်ပဲ မိမိတို့၏ ထိန်းချုပ်နယ်မြေအတွင်းတွင် ဝင်ရောက်မဲဆွယ်စည်းရုံး ယှဉ်ပြိုင်အရွေးခံကြမည့်တစ်သီးပုဂ္ဂလများနှင့် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများကို လုံခြုံ ရေးအရ အကူအညီပေးနိုင်ရေးအတွက် မိမိတို့အား ဆက်သွယ်ကြပါရန် တိုက်တွန်းအသိပေး အပ်ပါသည်။

၄။ နိုင်ငံတော်အစိုးရနှင့် မိမိတို့ (RCSS) ၏ ပထမအပစ်အခတ်ရပ်စဲစာချုပ် အချက် (၃၁) ချက်မှ Joint Monitoring Committee (JMC)၊ တရားမဝင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမိက လိုအပ်ချက်အရ နိုင်ငံတော်အစိုးရနှင့်အတူ ညှိနှိုင်းမှုပေါင်းဆောင်ရွက်သွားပါမည်။

ဗဟိုအလုပ်အမှုဆောင်ဗဟိုကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ